ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

**ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊**

**စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

**ကျောက်မျက်ရတနာ ဖော်ထုတ်လုပ်ကွက်(အသစ်) လျှောက်လွှာများ တင်သွင်းရန်**

**ကြေညာချက် ( ၅ /၂၀၁၅)**

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်နေ့

(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် မိုးကုတ်ရတနာနယ်မြေတွင် ကျောက်မျက်ရတနာများ တိုးမြှင့်ထုတ်လုပ်ရေး၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံသားဒေသခံများ အနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မိုးကုတ်ရတနာနယ်မြေ၊ မိုးကုတ်မြို့နယ်အတွင်း ကျောက်မျက် ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်ရန်အတွက် ဖော်ထုတ်လုပ်ကွက်(အသစ်) လျှောက်လွှာများကိုလက်ခံ၍ သတ်မှတ်ချက်များနှင့်အညီ ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး ခွင့်ပြုမိန့်များထုတ်ပေး သွားမည်ဖြစ်ပါသည်။

၂။ ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာများထုတ်ယူခြင်းနှင့် လျှောက်လွှာများပြန်လည်တင်သွင်းခြင်းများ ကို ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်) တွင် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်(အသစ်) လျှောက်လွှာများ ထုတ်ယူခြင်း။** တစ်ပိုင်တစ်နိုင် ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာတင်သွင်းလိုသည့် ပုဂ္ဂလိက၊လုပ်ငန်းရှင်များသည် ၂၀၁၅ ခုနှစ်၊ ဇွန်လ(၁၅) ရက်နေ့မှ (၃၀) ရက်နေ့အထိ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် မြန်မာ့ ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ပြီး လျှောက်လွှာများထုတ်ယူနိုင်ပါသည်။

(ခ) **တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာများတင်သွင်းခြင်း။** လျှောက်ထားခွင့် ရှိသူသည် ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာပုံစံ(မကလ-၅)တွင် လိုအပ်သည်များကို ပြည့်စုံ စွာရေးသွင်းပြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မိုးကုတ်)မှတဆင့် ၂၀၁၅ ခုနှစ်၊ ဇွန်လ ( ၁၅ )ရက်နေ့မှ ဇူလိုင်လ(၁၀)ရက်နေ့အထိ ရုံးဖွင့်ရက်များတွင် နေ့စဉ်(၀၈:၀၀)နာရီမှ (၁၇:၀၀) နာရီထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)တွင် တင်သွင်းရန်ဖြစ်ပါသည်။

(ဂ) **တစ်ပိုင်တစ်နိုင် ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာများ လျှောက်ထားခွင့်ရှိသူ၏ သတ်မှတ်ချက်များ။** အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ပုံစံ(၁၀)၊ အိမ်ထောင်စုစာရင်းရှိပြီး မိုးကုတ်မြို့နယ်အတွင်း လွန်ခဲ့သော (၂၀)နှစ်နှင့် အထက် နေထိုင်သူများ( ဒေသခံအဖြစ် သတ်မှတ်ထား)က လျှောက်ထားနိုင်ပါသည်။

(၂) မိုးကုတ်ရတနာနယ်မြေတွင် ကျောက်မျက်တူးဖော်နေသော ကျောက်မျက်ကုမ္ပဏီတစ်ခုခုတွင် ဒါရိုက်တာ၊ မန်နေဂျင်းဒါရိုက်တာအဖြစ် ပါဝင်သူများ လျှောက်ထားခြင်း(မပြု)မပြုရ။

(၃) လျှောက်ထားသူတစ်ဦးလျှင် လျှောက်လွှာ(၁)စောင်နှုန်းဖြင့် လုပ်ကွက်(၁)ကွက်အတွက် လျှောက်ထားပိုင်ခွင့်ရှိပါသည်။

(၄) လျှောက်လွှာတင်သွင်းရာတွင် အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ တင်သွင်း လျှောက်ထားရမည် (စာရွက်စာတမ်းမပြည့်စုံ/မမှန်ကန်လျှင်ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

(က) မိုးကုတ်မြို့နယ်အတွင်းရှိ မြေနေရာကိုသာ လျှောက်ထားရမည်။

(ခ) လျှောက်ထားသည့် လုပ်ကွက်မြေနေရာကို လျှောက်ထားသူက တည်ဆဲဥပဒေအရ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် (သို့မဟုတ်) လွှဲပြောင်းပိုင်ခွင့်ရှိကြောင်း ကိုယ်တိုင်ကတိဝန်ခံချက်စာ။

(ဂ) လျှောက်ထားသည့် လုပ်ကွက်မြေနေရာကို လျှောက်ထားသူက တည်ဆဲဥပဒေအရ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် (သို့မဟုတ်)လွှဲပြောင်းပိုင်ခွင့်ရှိကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်။

(ဃ) မြေလွတ်မြေလပ်နေရာဖြစ်ပါက မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် မြို့နယ်သစ်တော ဦးစီးဌာနတို့၏ ထောက်ခံချက်။

(င) လျှောက်ထားသည့် လုပ်ကွက်မြေနေရာ တည်နေရာပြမြေပုံကြမ်း။

(စ) လျှောက်ထားသည့်လုပ်ကွက်မြေနေရာနှင့် ဆက်စပ်ပတ်ဝန်းကျင်တွင်နေထိုင်/လုပ်ကိုင် သူများ၏ ထောက်ခံချက်။

၃။ **လုပ်ကိုင်ခွင့်ချထားပေးမည့်အခြေအနေ။** လျှောက်ထားခွင့်ရှိသူတစ်ဦးလျှင် လုပ်ကွက်(၁)ကွက်ကိုသာ လုပ်ကိုင်ခွင့်ချထားပေးပါမည်။

၄။ **ကောက်ခံမည့်ငွေကြေးများ**

(က) **မှတ်ပုံတင်ကြေး။** မှတ်ပုံတင်ခြင်းအတွက် လုပ်ငန်းရှင်(၁)ဦးလျှင် (၁၀၀၀)ကျပ် ပေးသွင်းရပါမည်။

(ခ) **လျှောက်လွှာဝယ်ယူခြင်း။** လျှောက်လွှာ(၁)စောင်လျှင် ကျပ်(၃၀၀)နှုန်းဖြင့် ဝယ်ယူရပါမည်။

(ဂ) **ကွင်းဆင်းစစ်ဆေးခ။** ကွင်းဆင်းစစ်ဆေးတိုင်းတာခအဖြစ် လုပ်ကွက်(၁)ကွက်အတွက် (၅၀၀၀၀) ကျပ် ပေးသွင်းရပါမည်။ **(လုပ်ကွက်မရရှိပါက ကွင်းဆင်းစစ်ဆေးတိုင်းတာခကို ပြန်လည်ထုတ် ပေးမည် ဖြစ်ပါသည်။)**

၅။ **ဖော်ထုတ်လုပ်ကွက်(အသစ်)၏ သက်တမ်းကာလ။** (၃)နှစ်။

၆။ **အဆိုပြုငွေပေးသွင်းခြင်းနှင့် ခွင့်ပြုမိန့်ကတ်များထုတ်ပေးခြင်း။**

(က) ကြီးကြပ်ရေးလုပ်ငန်းကော်မတီအစည်းအဝေးက လုပ်ကိုင်ခွင့်ချထားပေးသောလုပ်ကွက်များအတွက် လုပ်ကွက်(၁)ကွက်လျှင် အဆိုပြုငွေကျပ်(၅)သိန်းကို ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် တစ်လအတွင်း ပေးသွင်းစေပါမည်။

(ခ) အဆိုပြုငွေပေးသွင်းပြီးသည့် လုပ်ကွက်များအတွက် ခွင့်ပြုမိန့်ကတ်ပြားများကို ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် ထုတ်ပေးပါမည်။

၇။ **တူးဖော်ခွင့်ပြုမည့်နည်းစနစ်နှင့် အသုံးပြုရမည့်စက်ယန္တရား**

(က) လေးပင်စနစ်၊ ကိုးပင်စနစ်၊ တွင်းလုံးစနစ်၊ မျောစနစ်၊ အင်းဖွဲစနစ်(လူအားဖြင့်သာ)။

(ခ) ရေစုပ်စက်၊ လေပေးစက်၊ မီးစက်၊ ကျောက်ဖောက်စက်၊ ဖြိုးခါစက်။

၈။ ဖော်ထုတ်လုပ်ကွက်(အသစ်)များကို လုပ်ကိုင်ခွင့်ရရှိသည့် ဒေသခံလုပ်ငန်းရှင်များအနေဖြင့် ခွင့်ပြုမိန့်ရရှိသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင်လွှဲပြောင်းခြင်းမပြုရန်၊ သတ္တုတွင်းဝန်ကြီးဌာနက ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ်**(၁၂၃/၉၉)**အတိုင်း လိုက်နာဆောင်ရွက်ရမည့်အပြင် ကျောက်မျက်ရတနာထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးစေမှုမရှိစေရေးအတွက် သတ္တုတွင်းဝန်ကြီးဌာနက ၂၀၀၄ ခုနှစ်၊ မေလ(၁၂)ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ်၊ **၈၅/၂၀၀၄** အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်နှင့် ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊**
**စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**